KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဇူလိုင်လ ၁ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ်- 26-133+135-I1

---

## မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် လူသောမြို့နယ်ရှိ ရွာသား (၃) ဦးထိမှန်သေဆုံး၍ (၁၂) ဦးဒဏ်ရာရရှိပြီး ရပ်ရွာအဆောက်အဦးများလည်းထိခိုက်ပျက်စီး (၂၀၂၆ ခုနှစ်၊ ဧပြီလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း မူတြော် (ဖာပွန်) ခရိုင်၊ လူသောမြို့နယ်တွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အကြောင်းကို ဖော်ပြထားသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် မြန်မာစစ်တပ်၏ဂျက်လေယာဉ်တစ်စင်းနှင့် Y-12 လေယာဉ်တစ်စင်းသည် ဃဲပါကျေးရွာအုပ်စု၊ ဇအ---ကျေးရွာကို ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ရွာသား (၃)ဦးထိမှန်သေဆုံးပြီး (၁၂) ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့်သူထဲတွင် ကလေးတစ်ဦးလည်းပါဝင်သည်။ ထို့အပြင် လူနေအိမ်အလုံး (၂၀)လည်း မီးလောင်ပျက်စီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျေးရွာထဲရှိ လူနေအိမ်အားလုံးနီးပါးမှာ ထိမှန်ပျက်စီးခဲ့ရသည်။ ထို့မျှမကပဲ ဆေးပေး ခန်း (၁)လုံး၊ အလယ်တန်းစာသင်ကျောင်း (၁) ကျောင်း၊ စာသင်ကျောင်းခန်းမ (၁) ဆောင်၊ ဘုရားကျောင်း (၁) ကျောင်း၊ ဘုရားကျောင်းရှိ ထမင်းစားဆောင် (၁) ဆောင်နှင့် ဘုရားကျောင်းခန်းမ (၁) ဆောင်လည်း ထိမှန်ပျက်စီးခဲ့သည်။ ရွာသားများပိုင်ဆိုင်သော ဆိုင်ကယ် (၂၃) စီး၊ ကား (၃) စီး၊ စတားလစ် (Starlink) စက်ပစ္စည်း (၂)လုံး၊ လှစက် (၄) လုံး၊ လျှပ်စစ်သုံးပစ္စည်း (၂)လုံး၊ စိုက်ပျိုးရေးသုံး ဒီဇယ်အင်ဂျင် (၃) လုံး၊ စပါးရိတ်ချွေစက် (၁)လုံးနှင့် လယ်ထွန်စက် (၁)လုံး တို့လည်း ထိမှန်ပျက်စီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် ကျေးရွာထဲတွင်သော်လည်း ကောင်း၊ ကျေးရွာအနီးပတ်ဝန်းကျင်တွင်သော်လည်းကောင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့ပါ။ လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားသည့်အချိန်တွင် ခရစ်ယာန်ဘာသာဝင်ရွာသားတစ်စုသည် ဘုရားကျောင်းခန်းမသစ် (၁)လုံးအတွက် ကျေးဇူးတော်ချီးမွမ်းပွဲ ကျင်းပနေခဲ့သည်။ ထို့ပြင် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် မြန်မာစစ်တပ်သည် ဇအ---ကျေးရွာကို နောက်ထပ်တစ်ကြိမ်လေကြောင်းဖြင့်တိုက်ခိုက်၍ အသက် (၅၄) နှစ်အရွယ်ရှိသော ရွာသားတစ်ဦးဖြစ်သူ စောပ--- အားထိမှန်ကာ သူ၏ပုခုံးတွင်ဒဏ်ရာရရှိခဲ့သည်။ ဤသို့လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အကျိုးဆက်အနေဖြင့် ဇအ---ကျေး ရွာနှင့်နီးစပ်ရာကျေးရွာများတွင် နေထိုင်ကြသောရွာသားများသည် ရွာထဲတွင်မနေရဲတော့ပဲ တောထဲတွင်ထွက်ပြေးပုန်းရှောင်ခဲ့ရသည်။ အချို့ရွာသားမှာမူ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ရွာမှ*

*ထွက်ပြေးတိမ်းရှောင်ရသည့် ရွာသားများသည် စားနပ်ရိက္ခာပြတ်လပ်မှု၊ နေရာထိုင်ခင်းများချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးအခက်အခဲစိန်ခေါ်မှု များကို ကြုံတွေ့နေရသည်။* [1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | (လေကြောင်းတိုက်ခိုက်မှု) မြန်မာစစ်တပ်လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ ထိခိုက်သေဆုံးခြင်းနှင့်ဒဏ်ရာရရှိခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာ)** | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာ |

| **သေဆုံးသူများ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | |
|---|---|---|---|
| **အမည်** | စောအ--- | စောဘ--- | စောဆ--- |
| **အသက်** | ၆၃ နှစ် | ၂၈ နှစ် | ၄၃ နှစ် |
| **ကျား/မ** | ကျား | ကျား | ကျား |
| **လူမျိုး** | ကရင် | ကရင် | ကရင် |
| **အိမ်ထောင် ရှိ/မရှိ** | ရှိ | ရှိ | ရှိ |
| **အလုပ်အကိုင်** | လယ်ယာ | လယ်ယာ | မသိရှိရ |
| **ကိုးကွယ်သည့် ဘာသာ** | ခရစ်ယာန် | ခရစ်ယာန် | ခရစ်ယာန် |
| **ရာထူးအဆင့်** | ရွာသား | ရွာသား | ရွာသား |
| **နေရပ် ရွာအမည်** | မူတြော်ခရိုင်၊ လူသော မြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာ | (မြန်မာပြည်အလယ်ပိုင်းရှိ) ဇဒ--- မြို့ | (မြန်မာပြည်အလယ်ပိုင်းရှိ) ဇဒ--- မြို့ |

---

[1] ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဧပြီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာကို မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၃) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #26-133-D1 ၊ #26-135-A1-I1 နှင့် #26-135-I1 တို့ဖြစ်သည်။

| ဒဏ်ရာရရှိသူများ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **အမည်** | **အသက်** | **ကျား/မ** | **လူမျိုး** | **အိမ်ထောင်ရှိ/မရှိ** | **အလုပ်အကိုင်** | **ကိုးကွယ်သည့်ဘာသာ** | **ရာထူး** | **ရပ်ရွာ** |
| စောဒ--- | ၄၀ နှစ် | ကျား | ကရင် | ရှိ | လယ်ယာ | ခရစ်ယာန် | ရွာသား | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာ |
| နော်ဃ--- | ၃၅ နှစ် | မ | ကရင် | ရှိ | လယ်ယာ | ခရစ်ယာန် | ရွာသား | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာ |
| နော်ဂ--- | ၁၅ နှစ် | မ | ကရင် | - | လယ်ယာ | ခရစ်ယာန် | ရွာသား | မူတြော်ခရိုင်၊ လူသော မြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာ |
| စောဟ--- | မသိရှိရ | ကျား | ကရင် | မသိရှိရ | မသိရှိရ | ခရစ်ယာန် | ရွာသား | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နာကိုခီးကျေးရွာအုပ်စု၊ ဇဆ--- ကျေးရွာ |
| စောဇ--- | မသိရှိရ | ကျား | ကရင် | ရှိ | မသိရှိရ | ခရစ်ယာန် | ရွာသား | ခလယ်လွီထူခရိုင်၊ ဇဃ--- မြို့ |
| သင်းအုပ်ဆရာ သ--- | မသိရှိရ | ကျား | ကရင် | မသိရှိရ | သာသနာပြု | ခရစ်ယာန် | သင်းအုပ်ဆရာ | မူတြော်ခရိုင်၊ ဇဘ--- မြို့ |
| သင်းအုပ်ဆရာ စောက--- | မသိရှိရ | ကျား | ကရင် | မသိရှိရ | သာသနာပြု | ခရစ်ယာန် | သင်းအုပ်ဆရာ | (မြန်မာပြည်အလယ်ပိုင်းရှိ) ဇဒ--- မြို့ |
| စောလ--- | မသိရှိရ | ကျား | ကရင် | မသိရှိရ | မသိရှိရ | ခရစ်ယာန် | မသိရှိရ | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါ်ပူကျေးရွာအုပ်စု၊ ဇဂ--- ကျေးရွာ |
| နော်မ--- | ၃၂ နှစ် | မ | ကရင် | မသိရှိရ | မသိရှိရ | ခရစ်ယာန် | မသိရှိရ | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာ |
| စောန--- | မသိရှိရ | ကျား | ကရင် | မသိရှိရ | မသိရှိရ | ခရစ်ယာန် | မသိရှိရ | မူတြော်ခရိုင်၊ ဇဘ--- မြို့ |
| မသိရှိရ | မသိရှိရ | ကျား | ကရင် | မသိရှိရ | မသိရှိရ | ခရစ်ယာန် | မသိရှိရ | မသိရှိရ |
| စောပ--- | ၅၄ နှစ် | ကျား | ကရင် | ရှိ | မသိရှိရ | မသိရှိရ | မသိရှိရ | မူတြော်ခရိုင်၊ လူသော မြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | |
|---|---|---|---|
| **လေယာဉ်အမျိုးအစား** | **ပင်မတပ်** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| ဂျက်လေယာဉ် | မြန်မာ့တပ်မတော် (လေတပ်) | မသိရှိရ | လေတပ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးထွန်းအောင် |
| Y-12 လေယာဉ် | မြန်မာ့တပ်မတော် | မသိရှိရ | လေတပ်ကာကွယ်ရေးဦးစီးချုပ် |

| | (လေတပ်) | | ဗိုလ်ချုပ်ကြီးထွန်းအောင် |
|---|---|---|---|

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ကျွန်တော်သည် (KHRG ကွင်းဆင်းလုပ်သား) ဤသတင်းဖြစ်စဉ်ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) အာဏာပိုင်များ၏ဆက်သွယ်ရေးလမ်းကြောင်းမှတဆင့် သိရှိခွင့်ရခဲ့သည်။ ထို့နောက် ကျွန်တော်သည် အခင်းဖြစ်ပွားသည့်နေရာသို့ ကိုယ်တိုင်သွားရောက်၍ (KNLA) ဒေသခံအာဏာပိုင်များကို တွေ့ဆုံစကားပြောခဲ့သည်။ ဤကြောက်မယ်ဖွယ်ကောင်းသောဖြစ်စဉ်သည် အမှန်တကယ်ဖြစ်ပွားခဲ့ပြီး ၎င်းဖြစ်စဉ်ကြောင့် ရွာသားများသည် အခက်အခဲများစွာနှင့်ကြုံတွေ့ခဲ့ရသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအကြောင်းအရာကို မျှဝေပြောပြသောသူသည် စောဝ---ဖြစ်သည်။ (KHRG ကွင်းဆင်းလုပ်သားသည် ၎င်းအား အင်တာဗျူးခဲ့သည်။) စောဝ---သည် ဤဖြစ်စဉ်ကိုသိရှိရသည့်အကြောင်းမှာ အဆိုပါအခင်းဖြစ်စဉ်သည် ၎င်းနေထိုင်သည့်ရွာတွင်ဖြစ်ပွားခဲ့ပြီး အခင်းဖြစ်ပွားရာနေရာအနီးတွင်လည်း ရှိနေခဲ့သူဖြစ်သည်။ ထို့အပြင် စောဝ---သည် လေကြောင်းတိုက်ခိုက်မှုကြောင့် ဆုံးရှုံးနစ်နာခဲ့ရသည့်သူတစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် ဤသတင်းမှန်ကန်ကြောင်း ဆိုနိုင်ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ ညနေ (၄) နာရီအချိန်တွင် မြန်မာစစ်တပ်၏ဂျက်လေယာဉ်တစ်စီးနှင့် Y-12 လေယာဉ်တစ်စီးသည် မူတြော် (ဖာပွန်) ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ မြန်မာစစ်တပ်လေယာဉ်များသည် ညနေ (၄) နာရီမှစတင်၍ (၅)နာရီခွဲအထိ ဗုံးကြဲပစ်ချခဲ့သည်။ ၎င်းတို့ပစ်ချခဲ့သောဗုံးအမျိုးအစားများမှာ ဆင့်ကဲပေါက်ကွဲဗုံးများ၊ ပေါင် (၅၀၀) ဗုံးများနှင့် ပေါင် (၃၀၀) ဗုံးများတို့ဖြစ်သည်။ ထို့အပြင် ဒုံးကျည်များ၊ အော်လီဂန်းလက်နက်ကြီးများဖြင့်လည်း ပစ်ခတ်ခဲ့သည်။ Y-12 လေယာဉ်သည်လည်း စက်သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်းသိရှိရသည်။ မြန်မာစစ်တပ်သည် မြောက်များစွာသောဗုံးများကိုပစ်ချသည့်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရွာသားများအနေဖြင့် ဗုံးမည်မျှပစ်ချခဲ့သည်ကို အတိအကျမသိရှိရပါ။ သို့သော်လည်း စုစုပေါင်းဗုံးအလုံး (၁၁၀) ခန့်ပစ်ချခဲ့သည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူးများက ခန့်မှန်းတွက်ဆခဲ့သည်။ ပစ်ချလိုက်သည့်တစ်ချို့ဗုံးများသည် မပေါက်ကွဲသေးပဲ မြေပြင်တွင် ကျန်ရှိနေသည်။ ဤသတင်းအကြောင်းအရာများကို ပြောပြသောသူနှင့်တစ်ခြားရွာသားများသည် မပေါက်ကွဲပဲ ကျန်ရှိနေသည့်ဗုံးအရေအတွက်ကို အတိအကျမသိရှိရပါ။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် ကျေးရွာနှင့်ကျေးရွာအနီးပတ်ဝန်းကျင်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိခဲ့ပါ။ |

ဇအ---ကျေးရွာတွင်နေထိုင်သော ကျေးရွာအုပ်စုခေါင်းဆောင်တစ်ဦးဖြစ်သူ (လုံခြုံရေးအခြေအနေကြောင့် ရာထူးအတိအကျကိုဖော်ပြ၍မရ) စောဝ---သည် ဤဖြစ်စဉ်အကြောင်းကို ယခုလိုပြောပြသည်။ *"လေယာဉ်လာပစ်တဲ့အထဲမှာ ဂျက်လေယာဉ်တစ်စင်းပါတယ်။ သူ့အရောင်က စစ်အရောင်ကျားကွက်ပုံစံမျိုးပဲ။ အခြားလေယာဉ်တစ်စင်းက Y-12 လေယာဉ်ပါ။ သူ့အရောင်က အဖြူရောင်ပါ။ လေယာဉ်လာပစ်တဲ့အချိန်မှာ ခရစ်ယာန်ဘာသာဝင်ရွာသားတစ်စုက ဘုရားကျောင်းခန်းမအသစ်အတွက် ကျေးဇူးတော်ချီးမွမ်းပွဲလုပ်နေကြတယ်။ မြန်မာစစ်တပ်က အခုလိုလေယာဉ်နဲ့လာပစ်တဲ့အတွက် ကလေးတွေစိတ်ဒဏ်ရာရကြတယ်။ သူတို့တွေ (တစ်ချို့ကလေးများ) တောထဲကိုသွားပုန်းရှောင်နေတဲ့အချိန်မှာတောင် သစ်ပင်အရိပ်အောက်မှာ၊ ဝါးရုံအောက်မှာမနေဘူး။ နေပူကြဲတဲကြီးအောက်နေကြတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ သူတို့အရမ်းကြောက်ကြလို့လေ။ အဲဒါကြောင့် သူတို့စိတ်တွေ ပုံမှန်မဖြစ်တော့ဘူး။ ထွက်ပြေးပုန်းရှောင်ရတဲ့ကိုယ်ဝန်သည်အမျိုးသမီးတွေလည်း မီးဖွားရမဲ့အချိန်မှာ ဒုက္ခအရမ်းရောက်ခဲ့ရတယ်။ ကျွန်တော်တို့ဒေသမှာ အခြေအနေကောင်းလာရင် လုံခြုံမယ်လို့ထင်တယ်။ ဒါပေမဲ့ ဒီလိုမျိုးသာဆက်ဖြစ်နေအုန်းမယ်ဆိုရင် ကျွန်တော်တို့ လုံခြုံရေးအတွက် ပိုဆိုးလာနိုင်တယ်။"*

ဤလေကြောင်းတိုက်ခိုက်မှုတွင် ရွာသား (၃) ဦးထိမှန်သေဆုံးခဲ့သည်။ ထိုရွာသားများမှာ စောအ--- (၆၃ နှစ်)၊ စောဘ--- (၂၈ နှစ်) နှင့် စောဆ--- (၄၃ နှစ်) တို့ဖြစ်သည်။ စောအ---သည် ဇအ---ကျေးရွာတွင် နေထိုင်သည်။ စောဘ--- နှင့်စောဆ---တို့သည် (မြန်မာပြည်အလယ်ပိုင်းရှိ) ဇဒ---မြို့တွင် နေထိုင်သည်။ ယခုလိုလေကြောင်းတိုက်ခိုက်မှုတွင် ထိမှန်သေဆုံး သွားသည့်ရွာသားများသည် ၎င်းတို့မိသားစုထဲတွင် အိမ်ထောင်ဦးစီးများဖြစ်သည့်အတွက်ကြောင့် ကျန်ရှိနေသည့်မိသား စုဝင်များအနေဖြင့် စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့၍ ရုန်းကန်နေရသည်။ သေဆုံးသွားသည့်ရွာသားများ အားလုံးသည် အိမ်ထောင်သည်များဖြစ်ကြသည်။

ထို့အပြင် ရွာသား (၁၁) ဦးလည်း ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့်ရွာသားများမှာ စောဒ--- (၄၀ နှစ်)၊ နော်ဃ--- (၃၅ နှစ်)၊ နော်ဂ--- (၁၅ နှစ်)၊ စောဟ---၊ စောဇ---၊ သင်းအုပ်ဆရာသ---၊ သင်းအုပ်ဆရာစောက---၊ စောလ---၊ နော်မ--- (၃၂ နှစ်)၊ စောန--- (အသက်မသိရှိရ)နှင့် (အမည်၊ အသက်နှင့်နေရပ်လိပ်စာမသိရသော) အခြားရွာသားတစ်ဦးတို့ဖြစ်သည်။ စောဒ---သည် ၎င်း၏လက်တွင်ဒဏ်ရာရရှိသည်။ နော်ဃ---သည် သူမ၏လက်နှင့်ပေါင်တွင် ဒဏ်ရာရရှိသည်။ နော်ဂ--- သည် သူမ၏ညာဖက်ပုခုံးတွင် ဒဏ်ရာရရှိခဲ့သည်။ စောဟ---သည် သူ၏လက်၊ ခြေထောက်နှင့်ခါးတွင် ဒဏ်ရာရရှိသည်။ စောဇ--- သည် သူ၏ပေါင်တွင်ဒဏ်ရာရရှိပြီး ခြေထောက်နှစ်ဖက်ဆုံးရှုံးခဲ့ရသည်။ သင်းအုပ်ဆရာသ--- သည် သူ၏ခါးနှင့်ပေါင်တွင် ဒဏ်ရာရရှိသည်။ သင်းအုပ်ဆရာစောက--- သည် သူ၏ဦးခေါင်းတွင် ဒဏ်ရာရရှိသည်။ စောလ---သည် သူ၏ပါးစပ်တွင် ဒဏ်ရာရရှိသည်။ နော်မ--- သည် သူမ၏ပေါင်တွင် ဒဏ်ရာရရှိသည်။ စောန---သည် သူ၏ခြေဖနှောင့်တွင် ဒဏ်ရာရရှိသည်။ စောဟ--- သည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ နာကိုခီးကျေးရွာအုပ်စု၊ ဇဆ---မြို့တွင်နေထိုင်သည်။ စောဇ---သည် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့တွင် နေထိုင်သည်။ သင်းအုပ်ဆရာသ---သည် မူတြော်ခရိုင်၊ ဇဘ---မြို့တွင် နေထိုင်သည်။ သင်းအုပ်ဆရာစောက---သည် ဇဒ---မြို့တွင်နေထိုင်သည်။ စောလ---သည် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါ်ပူကျေးရွာအုပ်စု၊ ဇဂ---ကျေးရွာတွင် နေထိုင်သည်။ စောန---သည် ဇဘ---မြို့တွင် နေထိုင်သည်။ ဒဏ်ရာပြင်းထန်စွာရရှိသောရွာသားများကို ထိုင်းနိုင်ငံရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးခဲ့သည်။ (၎င်းတို့ကို မည်သည့်ဆေးရုံသို့ပို့ဆောင်ခဲ့သည်ကို ရွာသားများနှင့်ကျေးရွာခေါင်းဆောင်များက မသိရှိရပါ။) ဒဏ်ရာအနည်းငယ်ရရှိ

သောရွာသားများကို ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန (KDHW) စီမံခန့်ခွဲသော ဇဟ---ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဇဟ---ဆေးရုံသည် လူသောမြို့နယ်၊ ယဲမူပလောကျေးရွာအုပ်စု၊ ဇဇ---နေရာတွင် တည်ရှိသည်။ Stronghold Rescue & Relief ကယ်ဆယ်ရေးအဖွဲ့က ဒဏ်ရာရသည့်ရွာသားများအားလုံးကို ဆေးရုံသို့ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ဇဟ--- ဆေးရုံတွင်ဆေးကုသမှုခံယူသည့်ဒဏ်ရာရရှိသော ရွာသားများသည် ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ရရှိပြီး ဆေးဖိုးဝါးခများပေးစရာမလိုခဲ့ပါ။







**KHRG** ကွင်းဆင်းလုပ်သားသည် အထက်ပါဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း မူတြော် (ဖာပွန်) ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ နေ့တွင် မြန်မာစစ်တပ်သည် ဇအ---ကျေးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ လက်ဝဲဓာတ်ပုံမှာ လေကြောင်းတိုက်ခိုက်မှုတွင် ဗုံးစထိမှန်၍ဒဏ်ရာရရှိသောရွာသားတစ်ဦးအား **Stronghold Rescue & Relief** ကယ်ဆယ်ရေးအဖွဲ့က ဆေးခန်းသို့ပို့ဆောင်ပေးနေသောအခြေအနေကို ဖော်ပြထားသည်။ လက်ယာဓာတ်ပုံမှာ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရွာသားများ တောထဲသို့ ထွက်ပြေးတိမ်းရှောင်ရသည့်အခြေအနေကို ဖော်ပြထားသည်။ တစ်ချို့ရွာသားများသည် ညဖက်တွင် ပုခက်ထောင်၍အိပ်စက်ရသည်။ ပုခက်မရှိသောရွာသားများသည် မြေကြီးပေါ်မှာအိပ်ကြရသည်။ *(ဓာတ်ပုံ- KHRG)*

ထို့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် မြောက်များစွာသောလူနေအိမ်များ ထိမှန်ပျက်စီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုတွင် လူနေအိမ်အလုံး (၂၀)မီးလောင်၍လုံးဝပျက်စီးခဲ့သည်။ မီးလောင်ပျက်စီးသွားသည့်အိမ်များ၏ပိုင်ရှင်များမှာ စောခ---၊ စောရ---၊ စောအ---၊ စောစ---၊ စောတ---၊ စောဘ---၊ စောဖ---၊ စောည---၊ စောထ---၊ စောဃ---၊ စောဇ---၊ စောအအ---၊ စောအဘ---၊ စောအဆ---၊ နော်အဃ---၊ စောအဂ---၊ နော်အဟ---၊ စောအဇ--- နှင့်အမည်မသိသော အခြားရွာသားနှစ်ဦးတို့ဖြစ်ကြသည်။

ထို့မှုမက လေကြောင်းတိုက်ခိုက်မှုတွင် တစ်ချို့ရွာသားများ၏ပိုင်ဆိုင်မှုပစ္စည်းများလည်း ထိမှန်ပျက်စီးခဲ့ရသည်။ စောဇ---ပိုင်ဆိုင်သော ဆိုင်ကယ်သုံးစီး၊ လွှစက်သုံးလုံး၊ စိုက်ပျိုးရေးသုံး ဒီဇယ်အင်ဂျင်သုံးလုံး (ရေစုပ်၊ ဆန် ကြိတ်၊ မီးစက်၊ ထွန်စက်အစရှိသည့်အရာများအတွက် အသုံးပြု) ပျက်စီးခဲ့သည်။ စောဘ---ပိုင်ဆိုင်သော ဆိုင်ကယ်တစ်စီးနှင့် Starlink (စတားလင့်) အင်တာနက်စက်တစ်လုံးပျက်စီးခဲ့သည်။ နော်အဃ---ပိုင်ဆိုင်သော ဆိုင်ကယ်တစ်စီးနှင့် Starlink စက် တစ်လုံးပျက်စီးခဲ့သည်။ စောအဇ---ပိုင်ဆိုင်သော ကားတစ်စီးနှင့်ဆိုင်ကယ်နှစ်စီးပျက်စီးခဲ့သည်။ စောဃ---ပိုင်ဆိုင်သော ဆိုင်ကယ်နှစ်စီးနှင့်စပါးရိတ်ခြွေစက်တစ်လုံးပျက်စီးခဲ့သည်။ စောအသ---ပိုင်ဆိုင်သောဆိုင်ကယ်တစ်စီးပျက်စီးခဲ့သည်။ ဇဘ---မြို့မှ ဆရာစောအက---ပိုင်ဆိုင်သော ဆိုင်ကယ်တစ်စီးပျက်စီးခဲ့သည်။ စောအဘ---ပိုင်ဆိုင်သော

ကားတစ်စီး ပျက်စီးခဲ့သည်။ စောအလ---ပိုင်ဆိုင်သော ကားတစ်စီးပျက်စီးခဲ့သည်။ စောခ---ပိုင်ဆိုင်သောလှေစက်တစ်လုံးနှင့်မီးစက် တစ်လုံးပျက်စီးခဲ့သည်။ စောဝ---ပိုင်ဆိုင်သော မီးစက်တစ်လုံးပျက်စီးခဲ့သည်။ စောရ---ပိုင်ဆိုင်သော ဆိုင်ကယ်တစ်စီး နှင့်လယ်ထွန်းကားတစ်စီးပျက်စီးခဲ့သည်။ ခေါ်ပူကျေးရွာအုပ်စု၊ ဇဂ---ကျေးရွာမှ အသင်းအုပ်ဆရာ စောအန--- ပိုင်ဆိုင်သောဆိုင်ကယ်တစ်စီးပျက်စီးခဲ့သည်။ စောည---ပိုင်ဆိုင်သော မုဆိုးသေနတ်တစ်လက်ပျက်စီးခဲ့သည်။ ဃဲပါကျေးရွာ အုပ်စု၊ ဇပ---ကျေးရွာမှ စောအဝ---ပိုင်ဆိုင်သော ဆိုင်ကယ်တစ်စီးပျက်စီးခဲ့သည်။ စောအပ---ပိုင်ဆိုင်သောဆိုင်ကယ်တစ်စီးပျက်စီးခဲ့သည်။ ဇဆ---ကျေးရွာမှ စောဟ---ပိုင်ဆိုင်သောဆိုင်ကယ်တစ်စီးပျက်စီးခဲ့သည်။ အမည်မသိရသော ရွာသားများပိုင်ဆိုင်သည့်ဆိုင်ကယ် (၇)စီးလည်း ပျက်စီးခဲ့သည်။




**KHRG** ကွင်းဆင်းလုပ်သားသည် အထက်ပါဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊

ဇအ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ နေ့တွင် မြန်မာစစ်တပ်သည် ဇအ--- ကျေးရွာကို လေယာဉ်များဖြင့် ခန့်မှန်းခြေပုံးများ (၁၁၀) လုံးပစ်ချတိုက်ခိုက်ခဲ့သည်။ ဤပုံများတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားသော လူနေအိမ်များနှင့် ရွာသားများ၏ ပိုင်ဆိုင်မှုများကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

မြန်မာစစ်တပ်၏လေယာဉ်များမှ ဗုံးကြဲတိုက်ခိုက်သည့်အပြင် စက်သေနတ်များဖြင့်ပစ်ခတ်ခဲ့သောကြောင့် ကျေးရွာထဲရှိ လူနေအိမ်များအားလုံးနီးပါးမှာ အနည်းနှင့်အများထိမှန်ပျက်စီးခဲ့သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုတွင် ဘုရားကျောင်းတစ်ကျောင်း၊ ဘုရားကျောင်းရှိ ထမင်းစားဆောင်တစ်ဆောင်၊ ဘုရားကျောင်းခန်းမတစ်လုံး၊ KECD (ကရင်ပညာ ရေးနှင့်ယဉ်ကျေးမှုဌာန) စီမံအုပ်ချုပ်သော အလယ်တန်းကျောင်းတစ်ကျောင်းနှင့် ကျောင်းသားဘော်ဒါဆောင်တစ်လုံး ထိမှန်ပျက်စီးခဲ့သည်။ စာသင်ကျောင်းသည် မူကြိုအတန်းမှ သတ္တမတန်းအထိရှိသည်။ ထို့အပြင် ဇအ---ကျေးရွာရှိ KDHW ဆေးပေးခန်းတစ်လုံးလည်း ထိမှန်ပျက်စီးခဲ့သည်။ ဆေးခန်းတွင် တာဝန်ထမ်းဆောင်ကြသည့်သူများမှာ ဒေသခံ KDHW ကျန်းမာရေးလုပ်သားများဖြစ်ကြသည်။





**KHRG** ကွင်းဆင်းလုပ်သားသည် အထက်ပါဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ဤပုံများတွင် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ နေ့တွင် မြန်မာစစ်တပ်သည် ဇအ--- ကျေးရွာကို ဗုံးကြဲတိုက်ခိုက်၍ ရပ်ရွာအဆောက်အဦးအများပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ အပေါ်တန်းမှ လက်ဝဲဓာတ်ပုံတွင် ပျက်စီးသွားသည့်ဘုရားကျောင်းခန်းမကို ဖော်ပြထားသည်။ အပေါ်တန်းမှ လက်ယာဓာတ်ပုံတွင် ပျက်စီးသွားသည့် ဇစ--- ဂျူနီယာကောလိပ်ကျောင်းကို ဖော်ပြထားသည်။ အလယ်တန်းမှ ဓာတ်ပုံနှစ်ပုံတွင် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အလယ်တန်းစာသင်ကျောင်းကို ဖော်ပြထားသည်။ အောက်တန်းမှ လက်ဝဲဓာတ်ပုံတွင် ပျက်စီးသွားသော ဘုရားကျောင်းရှိ ထမင်းစာဆောင်ကို ဖော်ပြထားသည်။ အောက်တန်းမှ လက်ယာဓာတ်ပုံတွင် ပျက်စီးသွားသော ရွာသားတစ်ဦး၏နေအိမ်သစ်တစ်လုံးကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

ထို့နောက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ မနက် (၁၀း၁၀) မိနစ်မှ (၁၀း၂၅)မိနစ်အထိတွင် မြန်မာစစ်တပ်ပိုင် ဂျက်လေယာဉ်တစ်စင်းသည် ဇအ---ကျေးရွာကို နောက်တစ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အသက် (၅၄)နှစ်အရွယ် စောပ--- အား ထိမှန်၍ သူ၏ပုခုံးတွင်ဒဏ်ရာရရှိခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရွာသားအများအပြားသေဆုံး၊ ဒဏ်ရာရရှိခြင်းနှင့်လူနေအိမ်များထိမှန် ပျက်စီးခဲ့သောကြောင့် ဇအ---ကျေးရွာနှင့်နီးစပ်ရာကျေးရွာများမှ ရွာသားများသည် လုံခြုံမှုမရှိသည့်အခြေအနေနှင့်စိုးရိမ်ကြောက်ရွံ့မှုများကိုခံစားရသည်။ ထို့ကြောင့် ရွာသားများသည် ကျေးရွာထဲတွင်မနေရဲတော့ပဲ လုံခြုံစိတ်ချမှုရှိသည့်နေရာများသို့ ရွှေ့ပြောင်းပုန်းရှောင်ခဲ့သည်။ တစ်ချို့ရွာသားများလည်း ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အခြားရွာသားများမှာမူ မိမိလုံခြုံရေးအတွက် နီးစပ်ရာတောထဲတွင် ပြေးပုန်းရှောင်ခဲ့သည်။ ထွက်ပြေးတိမ်းရှောင်ရသည့်ရွာသားများအနေဖြင့် နေ့စဉ်အစားအသောက်အတွက် စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း၊ နေရာထိုင်ခင်းများအတွက် တာလပတ်အမိုးအကာလုံလောက်မှုမရှိခြင်း၊ လိုအပ်သည့်အိမ်သုံးပစ္စည်းများ လုံလောက်မှုမရှိခြင်း၊ ကျန်းမာရေးပြဿနာများနှင့်ပညာရေးအခက်အခဲများကို ကြုံတွေ့နေရသည်။ တစ်ချို့ရွာသားများသည် အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဖြင့်သာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ (လေကြောင်းတိုက်ခိုက်မှုကိုကြောက်ရွံ့နေသည့်အတွက်ကြောင့်) ၎င်းတို့သည် လိုအပ်သည့်ပစ္စည်းများထုပ်ပိုးရန်ပြင်ဆင်ချိန်မရှိပဲ ထွက်ပြေးခဲ့ရသည်။ ယခုလက်ရှိအချိန်တွင် (၂၀၂၆ ခုနှစ်၊ မေလ) မည်သည့်အဖွဲ့အစည်းကမှ ထွက်ပြေးတိမ်းရှောင်ရသည့်ရွာသားများကို လာရောက်အကူအညီပေးတာမျိုးမရှိသေးပါ။

သို့သော်လည်း တစ်ချို့ရွာသားများသည် ၎င်းတို့ဆွေမျိုးသားချင်းများထံမှ အိုးခွက်ပန်းကန်များအစရှိသောကူညီမှုတစ်ချို့ကို ရရှိခဲ့သည်။ (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့၌) လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်နေ့မှစ၍ ယခုအချိန်ထိ (၂၀၂၆ ခုနှစ်၊ မေလ) ရွာသားများသည် မိမိကျေးရွာသို့ပြန်လာနေထိုင်ရန်ကြောက်ရွံ့နေကြဆဲဖြစ်သည်။



KHRG ကွင်းဆင်းလုပ်သားသည် အထက်ပါဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဃဲပါကျေးရွာအုပ်စု၊ ဇအ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ နေ့တွင် မြန်မာစစ်တပ်သည် ဇအ--- ကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ တစ်ချို့ဗုံးများသည် ကျေးရွာထဲတွင် ကျရောက်ပေါက်ကွဲသဖြင့် ရွာသားများထိမှန်သေဆုံး၊ ဒဏ်ရာရရှိ၍ ရပ်ရွာအဆောက်အဦးများနှင့် ရွာသားများ၏ ပိုင်ဆိုင်မှုပစ္စည်းများထိခိုက်ပျက်စီးခဲ့သည်။ တစ်ချို့ဗုံးများသည် ကျေးရွာအပြင်ဖက်တွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ထို့အပြင် တစ်ချို့ဗုံးလည်း မပေါက်ကွဲပဲ မြေကြီးပေါ်တွင်ကျန်ရှိနေသည်။ ဤပုံများတွင် ကျေးရွာအပြင်ဖက်တွင်ကျရောက်၍ မပေါက်ကွဲသေးသော ဗုံးနှစ်လုံးကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| ဤသတင်းပြောပြသော စောဝ---သည် KHRG အနေဖြင့်သတင်းအကြောင်းအရာများကို အသုံးပြုရန်အတွက် ခွင့်ပြုချက်ပေးထားပါသည်။ အကြောင်းမှာ သူနှင့်ရွာသားများသည် ဤသို့ဆိုးရွားသောလေကြောင်းတိုက်ခိုက်မှုကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် ထိုသို့သောကိစ္စရပ်မျိုးကို (လေကြောင်းတိုက်ခိုက်မှု) အနာဂတ်တွင် လျော့နည်းလာစေရန်မျှော်လင့်သည့်အတွက်ကြောင့် ဤသတင်းအကြောင်းကို ရေးသားဖြန့်ဝေရန် KHRG အား ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ |

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများ နှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။